# ဆုတောင်းခြင်း၏တန်ခိုး

*ယခင်လမှအဆက်*

နှလုံးသားကိုပြင်ဆင်ခြင်းထက် ဦးနှောက်ကိုဖြည့်ဆည်းခြင်းကသာ ပို၍လွယ်၏။ ဦးနှောက်မှ တရားဒေသနာပြင်ဆင်ခြင်းသည် နှလုံးသားမှပြင်ဆင်ခြင်းထက် သာ၍လွယ်၏။ ဘုရားသခင်၏သားတော်ကို ကောင်းကင်ဘုံမှ ဆွဲချနိုင်သောအရာသည် နှလုံးသား (heart) ပင်ဖြစ်သည်။ လူသားများကို ကောင်းကင်ဘုံရောက်စေနိုင်သောအရာသည်လည်း နှလုံးသားပင်ဖြစ်သည်။

ဒုက္ခပင်လယ်ဝေနေသော ဤကမ္ဘာမြေကြီးကို စာနာထောက်ထားမှုရှိရန် သော်၎င်း၊ လောကဝမ်းနည်းကြေကွဲမှုကို နမ်းရှုပ်ကာ ပပျောက်စေရန်သော်၎င်း၊ လောကစိတ်ဆင်းရဲမှုကို အကြင်နာတရားထားရန်သော်၎င်း၊ ဤလောကသည် စစ်မှန်သောနှလုံးသားရှိသည့်လူကို လိုအပ်လျှက်ရှိသည်။ ခရစ်တော်သည် ဝမ်းနည်းကြေကွဲသောလူဖြစ်ရာ၌ ထင်ရှားကျော်ကြားသည်။ အဘယ်ကြောင့်ဆိုသော် စစ်မှန်သောနှလုံးသား ကြီုတင်ရှိထားနှင့်သောကြောင့်ဖြစ်သည်။

"သင်၏နှလုံးသား ငါ့ကိုပေးပါ" ဟူသောစကားသည် လူသားများအား ဘုရားသခင်မှ တောင်းခံသောစကားဖြစ်သည်။ "သင်၏နှလုံးသား ကျွန်ုပ်ကိုပေးပါ" ဟူသောစကားသည် လူမှလူသို့ တောင်းခံသောစကားဖြစ်သည်။

**အသက်မွေးဝမ်းကြောင်းကိုသာ အဓိကထားလျက် ဆောင်ရွက်ရသော အမှုတော်သည် နှလုံးမပါသော အမှုတော်ဖြစ်သည်။** အမှုတော်တစ်ပါး၌ လစာများများတိုးလာလျှင်လည်း နှလုံးသားသည် ထူးခြားစွာလှုပ်ရှားမှုမရှိချေ။ တရားဒေသနာဟောခြင်းကို ကျွန်တော်တို့သည် စီးပွားရေးလုပ်ငန်းတစ်ခုကဲ့သို့ သဘောထားပါသော်လည်း ၎င်းလုပ်ငန်း၌ နှလုံးသားထားချင်မှ ထားပေလိမ့်မည်။ တရားဒေသနာဟောပြောရာ၌ မိမိကိုယ်မိမိ ရှေ့တန်းတင်သောသူသည် နှလုံးသားကို နောက်တန်း၌ထားတတ်သည်။ စာပေကျမ်းဂန်လေ့လာရာ၌ နှလုံးသားဖြင့် မျိုးစေ့မကြဲသော (ဂရုမစိုက်သော) သူသည် ဘုရားသခင်အတွက် ရိတ်သိမ်းသူမဖြစ်နိုင်ပေ။ ဆုတောင်းခန်းသည် နှလုံးသား၏ စာဖတ်ခန်းဖြစ်သည်။ စာဖတ်ခန်းထက် ဆုတောင်းခန်းတွင် တရားဒေသနာဟောမည့်အချက်နှင့် ဟောပုံဟောနည်း ပိုမိုသိရှိနိုင်သည်။ "ယေရှုသည်ငို၏" ဟူသောစကားစု (Jesus wept) သည် ကျမ်းစာ၌ အတိုဆုံးနှင့် အကြီးဆုံးသော ကျမ်းချက်ဖြစ်သည်။ မျက်ရည်ကျလျက် မျိုးစေ့ကြဲသောသူတို့သည် (နားထောင်၍ကောင်းသော တရားဒေသနာဟောသောသူမဟုတ်) မွန်မြတ်သော မျိုးစေ့ကိုကိုင်ကာ၊ ရွှင်လန်းစွာ ကောက်လှိုင်းများကို ကိုင်ဆောင်လျက်အမှန် ပြန်လာလိမ့်မည် (ဆာ ၁၂၆ း ၆)။

ဆုတောင်းခြင်းသည် စဉ်းစားဉာဏ်တိုးပွားစေသည်။ အသိပညာပေးသည်။ စိတ်နှလုံးကိုလည်း ချဲ့ထွင်ခိုင်မာစေ၏။ ဆုတောင်းခန်းသည် တရားဟောဆရာအတွက် ပြီးပြည့်စုံသော ကျောင်းနှင့်ကျောင်းဆရာဖြစ်သည်။ ဆုတောင်းရာတွင် အတွေးအခေါ်စဉ်းစားဉာဏ်ပိုမိုရှင်းလင်းတောက်ပသည်သာမကဘဲ၊ အတွေးအခေါ်သစ်များလည်း မွေးဖွားသည်။ နာရီပေါင်းများစွာ (စိတ်ခတ်) အပြေးအလွှားစာဖတ်ခြင်းထက် စိတ်အားထက်သန်စွာ တစ်နာရီမျှ ဆုတောင်းခြင်းဖြင့် အသိဉာဏ်ပိုမိုတိုးပွားစေ၏။ ဆုတောင်းခန်းတွင် အခြားသောနေရာများ၌မတွေ့ရသော စာအုပ်များစွာတွေ့နိုင်သည်။ အခြားသော နေရာများ၌ မမြင်ရသော ဗျာဒိတ်တော်များကိုလည်း ဆုတောင်းခန်းတွင်မြင်တွေ့နိုင်သည်။

*(E.M: Bounds ၏ ဆုတောင်းခြင်း၏ တန်ခိုးစာအုပ် အခန်း (၉) မှ ကောက်နှုတ် ဖော်ပြထားခြင်းဖြစ်ပါသည်။)*